## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ (၁၆-၇-၂၀၂၆)
## အစည်းအဝေးမှတ်တမ်းအကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးစိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်**က ကွန်ဟိန်းမြို့နယ်အတွင်း ကျေးရွာ (၇၂)ရွာတို့တွင် ဆက်သွယ်ရေးကွန်ယက်မရှိပါသဖြင့် အော်ပရေတာ တစ်ခုခုမှ တာဝါတိုင်(၂)တိုင် တည်ဆောက်ပေးရန် မည်ကဲ့သို့ဆောင်ရွက် ပေးမည်ကို မေးမြန်းပါသည်။ | **ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**က မြို့နယ် အတွင်း ကွင်းဆင်းတိုင်းတာရေးဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ရရှိမှု၊ ဆက်သွယ်ရေး ဆက်ကြောင်းများ တည်ဆောက် ချိတ်ဆက်နိုင်မှုနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးရားနီ၊ ပူတာအိုမဲဆန္ဒနယ်**က ပူတာအို-နမ်ထွမ်ခူး ကျေးရွာချင်းဆက် လမ်း၏ ကျန်ရှိသော ၁၀ မိုင်အား ကွန်ကရစ်လမ်းအဖြစ် ဆက်လက် ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာန**က စက်သုံးဆီနှင့် လုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်သို့ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်သည့်အချိန်နှင့်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ သင့်လျော်သည့် ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးအေးချမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မဲဆန္ဒနယ်**က အမျိုးသမီးရေးရာ ဝန်ကြီးဌာနအသစ်၏ ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်များအား ပြည်သူ လူထုသိရှိနိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို မေးမြန်း ပါသည်။ | **အမျိုးသမီးရေးရာဝန်ကြီးဌာန**က ဝန်ကြီးဌာန၏ တရားဝင် Website လူမှု ကွန်ယက်စာမျက်နှာများ၊ ပုံနှိပ်ထုတ်ဝေသည့်စာအုပ်၊ စာစောင်များ၊ ရုပ်သံ မီဒီယာများ၊ အသိပညာပေးဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဒေသ အခြေပြုအသိပညာပေးအစီအစဉ်များ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်မည့် ကဏ္ဍစုံအစီအစဉ်များမှတစ်ဆင့် ပြည်သူလူထုသို့ ကျယ်ကျယ် ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၄။ | **ဦးငွါးရဲ့ဆဲ၊ မချမ်းဘော မဲဆန္ဒနယ်**က မချမ်းဘောမြို့နယ်တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးနှင့် အားကစားကွင်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **အားကစားရေးရာဝန်ကြီးဌာန**က အားကစားရုံတည်ဆောက်ရန် မြေနေရာလုံလောက်မှုမရှိသော်လည်း ရိုးရိုးဘောလုံးကွင်းနှင့် ရုံးအဆောက်အဦတည်ဆောက်ခြင်းအတွက် နီးစပ်ရာဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား၍ ခွင့်ပြုချက်တောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးကျော်လင်း၊ ဗန်းမော်မဲဆန္ဒနယ်**က ယာယီနေရပ်စွန့်ခွာသူများအား ထောက်ပံ့သည့် လစဉ်ကြေးများကို ၂၀၂၆ ခုနှစ်၌ ဆိုင်းငံ့ထားသည့်အတွက် ဆက်လက်ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**က လျှော့ချပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် နယ်မြေပြန်လည်စိုးမိုးနိုင်ခဲ့သည့် မြို့ရွာများရှိ အခြေခံအဆောက်အအုံများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဦးစားပေးသုံးစွဲနေရသဖြင့် နေရပ်သို့မပြန်နိုင်သေးသည့် ပြည်သူများအား ဆက်လက်ထောက်ပံ့နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်**က ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်မှ မြို့မကျေးရွာအုပ်စုသို့ သွယ်တန်းထားသော မြေသားတမံရေကာတာအား တာဘောင်တမံချဲ့ထွင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က ရေဘေးကာကွယ်ရေးတာဖြစ်သည့်အတွက် တာတမံကြံ့ခိုင်မှုမထိခိုက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မာစေရန်အတွက် တာပေါင်ချဲ့ထွင် ဆောင်ရွက်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဦးအောင်ဇော်လင်း၊ သနပ်ပင်မဲဆန္ဒနယ်**က သနပ်ပင်မြို့နယ်၊ ကျေးရွာအုပ်စု(၇)စု၊ မင်းရွာ-ကုက္ကို ရေနုတ်မြောင်းဖျားရှိ သောင်အတွင်း တိမ်ကောနေသည့် ရိုးချောင်းအား တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က တိမ်ကောနေသည့် ရိုးချောင်းတူးဖော်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၈။ | **ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်**က ကြံခင်းမြို့နယ်၊ ကြို့ပင်စုကျေးရွာအုပ်စုအတွင်း၌ ကျောက်နီချောင်း သံကူကွန်ကရစ် ရေတားတမံ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**က မြေပြင်အခြေအနေပြောင်းလဲမှုများကို ကွင်းဆင်းတိုင်းတာခြင်း၊ အကြိုစူးစမ်းလေ့လာခြင်း ဒီဇိုင်းပြန်လည်တွက်ချက်စိစစ်ခြင်းတို့ကို ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်ဖြစ်ပြီး အကျိုးအမြတ်ကိုတွက်ချက်ပြီး အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်**က ဝမ်းတွင်းမြို့နယ်ရှိ ဆူးဖြူကန်-တောင်ဘို၊ သပြေရိုးကျေးရွာမှ ရန်ကုန်-မန္တလေးလမ်းသို့သွားလာသည့် ရိုးကူးတံတားကြီး၊ ပဲနံ့သာရွာနှင့် ရွှေတောင်ရွာဆက်သွယ်သော ရိုးကူးတံတားနှင့် ကံကြီးကျေးရွာနှင့် ဘုရားဖြူ-ရွှေပေါ်ကျွန်းလမ်းကို ဆက်သွယ်သော လမ်းပေါ်ရှိ ရိုးကူးတံတားများအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က အကျယ်ပေ ၁၃၀ ရှိ ရိုးကူးတံတားကြီး ၂ စင်းအား ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အကျယ် ၈၀ပေ ရိုးကူးတံတားအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်**က မြစ်သားမြို့နယ်၊ အိမ်ရှေ့တောင်ရွာနှင့် ခရုတုတ်ရွာအကြားရှိ ပန်းလောင်မြစ်ကူးတံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကွန်ကရစ်တံတား တည်ဆောက်နိုင်ရေးအတွက် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁။ | **ဦးစိုးနိုင်၊ မင်းတုန်းမဲဆန္ဒနယ်** က မင်းတုန်း-ဘူးတောင်-ပုသိမ်-မုံရွာ ကားလမ်းမကြီးနှင့်ဆက်သွယ်သည့်လမ်းအား အဆင့်မြှင့်တင်ခြင်း၊ သွေးကျောက်ချောင်းတံတား၏ ချဉ်းကပ်လမ်းအား မြေထိန်းနံရံ တည်ဆောက်ခြင်း၊ Box Culvert တည်ဆောက်ခြင်းတို့အား ခွင့်ပြုပေးပါရန် မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က နယ်မြေလုံခြုံရေး အခြေအနေအရ လောလောဆယ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၂။ | **ဒေါက်တာနေလင်း၊ မော်ဘီမဲဆန္ဒနယ်**က မင်းရွာ-လယ်ပြင်စုရွာ-လိပ်ချောင်းရွာ-ရိုးကြီးရွာများသို့ ကျေးရွာချင်းဆက်လမ်းနှင့် လယ်ပြင် စုရွာ-မိုးကြိုးပစ်ရွာ-သာယာကုန်းကျေးရွာများသို့ ကျေးရွာချင်းဆက်လမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**က ကတ္တရာလမ်းပိုင်းအား ထပ်ပိုးလွှာခင်းခြင်းနှင့် ကျန်ရှိသည့် ကျောက်လမ်းများအား အနိမ့်အမြင့်ဖြေညှိခြင်းနှင့် အပွန်းခံလွှာခင်းခြင်းတို့ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၃။ | **ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်း မဲဆန္ဒနယ်**က တင်သွင်းသည့် "မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှ ရရှိသော ကိန်းဂဏန်း အချက်အလက်များအား စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အမျိုးသား လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း'' အဆို | ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက ဆက်လက်ဆွေးနွေးခဲ့ပြီး ဆွေးနွေးသည့်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က အလေးနက်ထားထောက်ခံပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့် လူဦးရေ ကိန်းဂဏန်း၊ စာရင်းဇယားများ ပြည့်စုံရရှိရေး သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ပြီး လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ |
| ၁၄။ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းသည့် **"နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"** | ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခဲ့သည်။ |